ရှင်မုတ္တီးကျေးရွာ

ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရှင်မုတ္တီးကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | - | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ရှင်မုတ္တီးကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၄ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၇ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၉ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၁ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ

ဦးစီး၌ာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၇**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ရှင်မုတ္ထီးကျေးရွာ**
**ထားဝယ်မြို့နယ်**

ရှင်မုတ္တီးကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရှင်မုတ္ထီးကျေးရွာ၏ အရှေ့ဘက်တွင် ရောင်းမော်ကျေးရွာအုပ်စု ၊တောင်ဘက်တွင် စော်ဝကျေးရွာ၊ မြောက်ဘက်တွင် ကနိုးဒါကျေးရွာအုပ်စု နှင့် ထိစပ်လျက်ရှိပြီး နောက်ဘက်၌ ထားဝယ်မြစ်နှင့်ကပ်လျက်တည်ရှိသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ကွမ်း၊ လယ်၊ ယာစိုက်ပျိုးရေးနှင့် ရာဘာတို့အဓိကထား စိုက်ပျိုးဖြစ်သည်။ ရှင်မုတ္ထီးကျေးရွာတွင် ထားဝယ်မြို့၏ ရှင်ကိုးရှင်သမိုင်းဝင် ဘုရားများ တွင် တစ်ဆူဖြစ်သည့် ရှင်မုတ္ထီးဘုရား စံမြန်းရာနေရာလည်းဖြစ်ပြီး ရှင်မုတ္ထီးရေတွင်းကြီး သည်လည်း ထားဝယ်မြို့၏ အထင်ကရနေရာတစ်ခုတွင် အပါအဝင်ဖြစ်ပါသည်။ ကျေးရွာ သည် ထားဝယ်- မြိတ် ကားလမ်းနံဘေးတွင် တည်ရှိပြီး ထားဝယ်မြို့မှ (၈)မိုင်အကွာ အရှေ့တောင် ဘက်တွင် တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ရှင်မုတ္ထီးကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၄၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၈၀နှင့်၁၀၀) လက်မဖြစ်ပြီး၊ ကျေးရွာစိုက်ပျိုးရေးနှင့် ရေချိုငါးဖမ်း လုပ်ငန်း၊ ရေငန်ငါးဖန်းလုပ်ငန်း ၊ရေထွက်ပစ္စည်းအမျိုးမျိုးနှင့် ဒေသထွက်သီးနှံနှင့် ပန်း အမျိုးမျိုးတို့ထွက်ရှိသဖြင့် ဒေသခံများ အဆင်ပြေကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရှင်မုတ္ထီးကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဂေါပကအဖွဲ့၊ နိဗ္ဗာန်ဆော် အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ နာရေးကူညီမှုအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ဓမ္မစကြာအသင်း၊ အဘိဓမ္မာအဖွဲ့များသည် ကျေးရွာ၏သာရေး၊နာရေး ကိစ္စရပ် များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်ကြသော World Vision ၊ UNHCR ၊ UNICEF စသောအဖွဲ့အစည်းများသည် သဘာဝဘေး အန္တရာယ်လျော့ချရေး အစီအစဉ်များ စာသင်ကျောင်းတွင် လိုအပ်ချက်များ၊ ဆေးခန်း လိုအပ်ချက်များ၊ ရေတွင်းရေကန်များ တူးဖော်ပေးပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ရှင်မုတ္ထီးကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြေဆီလွှာအရည်အသွေး ညံ့လာ

သည် ကို တွေ့ရသည်။ စိုက်ပျိုးရန် မိုးရေကိုသာ အားထားနေရပါသည်။ ရေထွက် တမံ လိုအပ် နေပါသည်။ ကျေးရွာတွင် သာသနာ့နယ်မြေကော (၅၀)ခန့် ရှိရာ လူနေအိမ်များ ဆောက်လုပ်ထား ပါသည်။

ရှင်မုတ္တီးကျေးရွာတွင် လယ်မြေကေပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် စုစုပေါင်း၏(၃၀.၁%)ရှိ၍ စပါးစိုက်ပျိုးထုတ်လုပ်မှုအပိုင်းတွင် ကျေးရွာ၏ ဝမ်းစာလုံလောက်မှုအတွင် အသင့်အတင့်ရှိပါသည်။ ဆင်းရဲသောကျပန်း မိသားစုများသည် လုပ်ငန်း ခွင်များတွင် နေ့စားလုပ်သားများအဖြစ် ဝင်ရောက် လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးအတွက် မိုးရေးနှင့် တွင်းရေကိုသာ အသုံးပြုရပါသည်။ အခြားရေ ရရှိနိုင်သော အရင်းအမြစ်မရှိပါ။ရှင်မုတ္တီးကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်သည်။ အထွက်နှုန်းများ တစ်ဧက ပျမ်းမျှ ၃၅ တင်းခန့် ရှိသည်။ သွင်းအားစု လိုအပ်ချက် မြင့်မား၍ အမြတ်ရရှိနိုင်မှု နိမ့်သည်။ စက်ပစ္စည်းများ ငှားသုံးရခြင်း၊ အလုပ်သမား ဈေးနှုန်းကြီးမားခြင်းတို့ကြောင့် အဆင်မပြေလှပါ။ကျေးရွာတွင် စိုက်ပျိုးရေးသုံး ကိရိယာ ပိုင်ဆိုင်မှုနည်းပါသည်။ ရွာပိုင်ရေစုပ်စက်(၁)လုံး၊ မြက်ရိတ်စက်(၁)လုံး၊ ရေစုပ်ပန့်(၁)လုံး သာ ရှိသည်။

ရေအရင်းအမြစ်ရှိခြင်း၊ သဘာဝမြေဆွေးများ အလွယ်တကူ ဝယ်ယူနိုင်ခြင်း၊ ချေးငွေဝန်ဆောင်မှုများရှိခြင်း၊ သွင်းအားစုဈေးကွက်လက်လှမ်းမီရှိခြင်း၊ ထုတ်လုပ်မှုဈေး ကွက်နှင့် ကုန်သွယ်မှု လက်လှမ်းမီမှုရှိခြင်းသည်လည်း အခွင့်အလမ်းများ ပင်ဖြစ်ပါသည်။

စိုက်ပျိုးမြေတိုးချဲ့ရန်မြေနေရာမရှိခြင်း၊ ချေးငွေအလုံအလောက်မရရှိခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ နွေရာသီတွင် ရေမလုံလောက်ခြင်း၊ နည်းပညာ အကူအညီမရရှိခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် ပြဿနာများဖြစ်ပါသည်။

## (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ရှင်မုတ္တီးကျေးရွာတွင် နွား၊ ဝက်၊ ကြက်၊ ဘဲစသည့်ဒေသမျိုးများကို တစ်နိုင်တစ်ပိုင် မွေးမြူလုပ်ကိုင်ကြပပါသည်။ ကျေးရွာတွင် ကြက်မွေးမြူရေးကို စီးပွားဖြစ် လုပ်ကိုင် နေသောအိမ်ထောင်စုတစ်စုသာ ရှိပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေ ရှိသော်လည်း လုံလောက်မှုမရှိပါ။ နည်းပညာ ဝန်ဆောင်မှု မရရှိသောကြောင့် အောင်မြင် မှုမရရှိပါ။ စီးပွားဖြစ် မွေးမြူရေး လုပ်ငန်း များအတွက် လိုင်စင်လေလံ လက်လှမ်းမမီပါ။

ရှင်မုတ္တီးကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများအဖြစ် လက်လီလက်ကား ရောင်းဝယ်ရေးကို လုပ်ကိုင်သောအိမ်ထောင်စု(၈၀)စုရှိပြီး စားဝတ်နေရေး အခက်အခဲ ကြောင့် ပြည်ပတွင်လုပ်ကိုင်သောအိမ်ထောင်စု အများအပြားရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသို့မရောက်မီ တိုးလ်ဂိတ်တစ်ခု ရှိပါသည်။ ရွာသို့ဖြတ်သန်းသွားလာရန်အတွက် တိုးလ်ဂိတ်ကို ဖြတ်သန်းခပေးဆောင်ရသဖြင့် ကုန်ပစ္စည်းများ ဈေးမြင့်ခြင်း ကြုံတွေ့ရပါသည်။ ဂိတ်ကြေးပေးဆောင်ရသဖြင့် ရွာသို့မဖြတ်ဘဲ စပါးတောင်ပတ်လမ်းမှ ပတ်သွား ကြသဖြင့် ဈေးကွက်ပိတ်ဆို့မှုများ ဖြစ်ရပါသည်။ လက်လီလက်ကားရောင်းဝယ်သမားများ အတွက် လည်း အဟန့်အတားတစ်ခုဖြစ်ရပါသည်။

ကျေးရွာသို့မရောက်မီ တိုးလ်ဂိတ်တစ်ခု ရှိပါသည်။ ရွာသို့ဖြတ်သန်းသွားလာရန်အတွက် တိုးလ်ဂိတ်ကို ဖြတ်သန်းခပေးဆောင်ရသဖြင့် ကုန်ပစ္စည်းများ ဈေးမြင့်ခြင်း ကြုံတွေ့ရပါသည်။ ဂိတ်ကြေးပေးဆောင်ရသဖြင့် ရွာသို့မဖြတ်ဘဲ စပါးတောင်ပတ်လမ်းမှ ပတ်သွား ကြသဖြင့် ဈေးကွက်ပိတ်ဆို့မှုများ ဖြစ်ရပါသည်။ လက်လီလက်ကားရောင်းဝယ်သမားများ အတွက်လည်း အဟန့်အတားတစ်ခုဖြစ်ရပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးဘဏ်မှ ပုံစံ(၇)ရှိသော လယ်သမားများကိုသာ အကန့်အသတ်ဖြင့်ချေးပါသည်။ ထို့အပြင် ရွာအတွင်း ငွေတိုးချေးသူ၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှလည်း အတိုးနှုန်း ကြီးစွာ ချေးယူရရှိနိုင်ပါသည်။ မွေး/ကုဦးစီးဌာနမှ မွေးမြူရေးချေးငွေ ရရှိသော်လည်း လုံလောက်မှုမရှိပါ။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ရှင်မုတ္ထီးကျေးရွာ၏သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကိုသာ တစ်နှစ်ပတ်လုံး အသုံးပြုကြပါသည်။ အသုံးပြုသောယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ ကားများသာ အသုံးပြုပါသည်။ ရေကြောင်းခရီးမရှိသောကြောင့် လှေကို သယ်ယူပို့ဆောင် ရေးအတွက် အသုံးမပြုဘဲ မိသားစုစီးပွားရေးအတွက် အသုံးပြုပါသည်။

ရှင်မုတ္ထီးကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ထို့ကြောင့် ရွာတွင်းလမ်းများအား အဆင့်မြင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေး စေလိုပါသည်။ ကျေးရွာတွင် ကွန်ကရစ်တံတား(၂)စင်း၊ သစ်သားတံတား(၁)စင်းနှင့် ရေပြွန်(၇)ခုရှိပါသည်။ တံတားများမှာ ကောင်းမွန်သည်ဟု ဆိုနိုင်ပြီး ရေပြွန်အချို့မှာ ပြွန်ငယ်သဖြင့် မိုးရာသီတွင် ရေကြီးရေလျှံခြင်းများ ကြုံတွေ့ရပါသည်။ ထို့ကြောင့် ရေပြွန်များ အဆင့်မြင့်တင်ရန် လိုအပ်ပါသည်။

သဗျာကျေးရွာသည် မြစ်ကြောင်း၊ ပင်လယ်နှင့် ဝေးကွာပြီး ကုန်းလမ်း ပို့ဆောင်ရေးကိုသာ အဓိကအားထား အသုံးပြုကြပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ရှင်မုတ္ထီးကျေးရွာတွင် မဟာဓါတ်အားလိုင်းအတွက် အခက်အခဲရှိနေပါသည်။ ဝန်ဆောင်မှုညံ့ဖျင်းခြင်း၊ မီးတိုင်များကျိုးပဲ့ခြင်း၊ ပြင်ဆင်ပေးမှုကြန့်ကြာခြင်း၊ လမ်းမီး ခယူခြင်း၊ လမ်းမီး မလင်းခြင်း၊ မီးခဏခဏပျက်ခြင်းများကို ကြုံတွေ့နေရပါသည်။ အချို့သောအိမ်ထောင်စုများမှာ ငွေကြေးအခက်အခဲကြောင့် ရေနံဆီ မီးခွက်များ သုံးစွဲနေရသော အိမ်ထောင်စု(၃၃)စုရှိပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ရှင်မုတ္ထီးကျေးရွာတွင် ထားဝယ်မြို့နှင့် အလှမ်း မဝေးသောကြောင့် ဆက်သွယ် ရေးအခြေအနေများ ကောင်းမွန်ပါသည်။

## ၆။ ပညာရေး

ရှင်မုတ္ထီးကျေးရွာတွင် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ (၉၇.၃၃%)ရှိပါသည်။ ဘွဲ့ရသူဦးရေ (၇၀)ဦး ရှိပါသည်။ ရှင်မုတ္ထီးကျေးရွာတွင် အခြေခံပညာမူလတန်း ကျောင်းသူ/သားဦးရေ (၁၀၈)ဦး ရှိပါသည်။ လက်ရှိမူလတန်းတက်ရောက်သူဦးရေမှာ မူလတန်းကျောင်းနေ အရွယ်(၅-၉)နှစ် အရေအတွက်နှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းပိုနေခြင်းမှာ မူလတန်းတက်ရောက်နေသူ အချို့မှာ (၉)နှစ်အထက် အသက်ကြီးနေသောကြောင့် ဖြစ်သည်။ အလယ်တန်းအဆင့် ကျောင်းသူ/သား(၇၉)ဦး၊ အထက်တန်းအဆင့်တွင် ကျောင်းသူ/သား(၅၅)ဦး၊ စုစုပေါင်း(၁၃၄)ဦးအနက် အလယ်တန်း အဆင့် ကျောင်းသူ/သားများသည် ကျေးရွာအတွင်း အလယ်တန်းကျောင်း(ခွဲ)တွင် စက်ဘီး၊ ခြေလျင်ဖြင့် တက်ရောက်ကြပါသည်။ အထက်တန်းကျောင်းသူ/ သားများမှာ (၆)မိုင်အကွာ အ.ထ.က(ထားဝယ်)တွင် တက်ရောက်ကြရပါသည်။

ကျေးရွာရှိ အလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းအဆောင်(၃)ဆောင်ရှိကာ ကျောင်းအဆောင်များတွင် ပြတင်းပေါက်များ ပျက်စီးနေခြင်း၊ အမိုးမိုးယို နေခြင်း၊ မျက်နှာကျက် များပျက်စီးခြင်း၊ ပရိဘောဂလုံလောက်မှုမရှိခြင်းများ ကြုံတွေ့နေရသဖြင့် ပြုပြင်မှုများ လိုအပ်နေပါသည်။ အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့် အတွက် ဆင်းရဲသောမိသားစုများလည်း အနည်းဆုံး မူလတန်းပညာကို သင်ယူခွင့်ရကြပါသည်။ ဆရာ၊ ဆရာမ လုံလောက်မှုရှိပြီး တပည့် ဆရာအချိုး ကျပါသည်။ မူလတန်းပညာကျောင်းထွက်နှုန်းနိမ့်ပါသည်။ ဆင်းရဲသောမိသားစုများအတွက် ကျောင်း စရိတ် ထောက်ပံ့မှုများရှိပါသည်။ မြို့နှင့်နီးသဖြင့် အားကစားဆိုင်ရာပစ္စည်းများ

လက်လှမ်းမီရှိပါသည်။ မိဘဆရာအသင်းသည် ရပ်ရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းဆရာ၊ ဆရာများနှင့် ပူးပေါင်းဆောင်ရွက်မှုရှိပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများသည် ရာသီကူးပြောင်းကာလများတွင်သာ ဖြစ်လေ့ရှိပါသည်။ သွေးတိုးရောဂါအဖြစ်များပါသည်။ အခြားရောဂါများထွေထွေထူးထူးဖြစ်လေ့ရှိပါသည်။ ကျေးရွာအတွင်း ကျန်းမာရေးဌာန ခွဲရှိပါသည်။ ရှင်မုတ္ထီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိ၍ ကာကွယ်ဆေးများ ထိုးပေးခြင်း၊ တိုက်ကျွေးခြင်းအစီအစဉ်များ ပုံမှန်လုပ်ဆောင်ပေးပါသည်။

ရှင်မုတ္ထီးကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ အခန်းကုတင်လုံလောက်မှုရှိ၍ ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ၊ ဆေးတင်စင်၊ စားပွဲများလိုအပ်နေပါသည်။ သာမန် ဖျားနာကိစ္စများကို ကြီးကြပ်-၂၊ သားဖွားဆရာမ-၁ဦး၏ ကုသမှုဖြင့် ဖြေရှင်းရပါသည်။ ရွာအတွင်း ဆေးဆိုင်ရှိသဖြင့် သာမန်အသေးစားကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို အလွယ်တကူ ဝယ်ယူနိုင်ပါသည်။ အရေးပေါ်ကျန်းမာရေးကိစ္စများ ဖြစ်ပေါ်ပါက ရွာနှင့်(၆)မိုင်ခန့်ဝေးသော ထားဝယ်ပြည်သူ့ဆေးရုံသို့သွားရောက်ကုသကြပါသည်။

ရှင်မုတ္ထီးကျေးရွာတွင် ငွေကြေးတတ်နိုင်သော အိမ်ထောင်စုများသည် အိမ်ဝင်းအတွင်း ကျောက်ခွေချထားသော ရေတွင်းများ ရှိကြပြီး အချို့ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စုများသည် အမိုးအကာမရှိသော ရေတွင်းများမှ သောက်သုံးရေကို ရယူကြပါသည်။ စိမ့်စမ်းရေကိုလည်း သုံးစွဲကြပါသည်။

ရှင်မုတ္ထီးကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ (၂၆၉)အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ငွေကြေးအခက်အခဲကြောင့် ကျင်းအိမ်သာနှင့်မြေပေါ်အိမ်သာ ဆောက်လုပ်သုံးစွဲကြပါသည်။ အိမ်တိုင်းစေ့ ယင်လုံအိမ်သာသုံးစွဲမှုကိုလိုလားမှုရှိစေရန် ကျန်းမာရေး ဦးစီးဌာနများမှ ဟောပြောပွဲများ မကြာခဏပြုလုပ်ပေးရန်လိုအပ်သည်ကို လေ့လာတွေ့ရှိရပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရှင်မုတ္ထီးကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၆၀)နှစ်နှင့်အထက် စုစုပေါင်း(၁၉)ဦးရှိပါသည်။ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၆)စု၊ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု (၉)စုရှိပါသည်။ ကျေးရွာတွင် အရေးပေါ်ကိစ္စကြုံတွေ့ပါက ထိုအုပ်စုများသည် ထိခိုက် လွယ်သည့် အခြေအနေသို့ ရောက်နိုင်ပါသည်။ စားနပ်

ရိက္ခာမဖူလုံမှု၊ သဘာဝအရင်းအမြစ်ရှားပါးမှု၊ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုမှ လွဲ၍ ကျေးရွာတွင် အခြားထိခိုက်လွယ်မှု မရှိပါ။

လက်ရှိအခြေအနေတွင် မြေဆီလွှာဆိုးရွားစွာပျက်စီးခြင်း၊ သဘာဝအပင်မျိုးစိတ်များ လုံးဝပျောက်ကွယ်သွားခြင်းမရှိသော်လည်း ဓါတုအခြေခံသွင်းအားစုများ ထည့်သွင်းခြင်း၊ သစ်ပင်များခုတ်လှဲခြင်းများကြောင့် နောင်တစ်ချိန်တွင် အန္တရာယ်ရှိလာနိုင်ပါသည်။ စိုက်ပျိုးသီးနှံများ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းသည့် နည်းလမ်းများ သိရှိရန် လိုအပ်နေဆဲဖြစ်သည်။ စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်း၊ သစ်ပင်ရင်းပုံခြင်း ကဲ့သို့သောအလေ့အကျင့်အချို့ရှိသော်လည်း တစ်ရွာလုံးပါဝင်ပြီး စနစ်တကျပြုလုပ်သည့် စနစ်မရှိသေးသဖြင့် အန္တရာယ်ရှိမှုအတွက် စိုးရိမ်နေရဆဲဖြစ်သည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ရှင်မုတ္ထီးကျေးရွာ၏စီမံခန့်ခွဲမှုစနစ်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှုရှိသော်လည်း အားနည်းနေပါသေးသည်။ ကျေးရွာတွင် သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှုများတိုင်ကြားမှုများ ဖြစ်လေ့မရှိပါ။ သို့သော် အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိမြင်ရှိမှု အားနည်းနေသေးသဖြင့် ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးစေလိုပါသည်။

ရှင်မုတ္ထီးကျေးရွာတွင် အိမ်ထောင်စု (၃၅၆) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၇၃၃) ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၈၇) ဦးရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၇% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၃% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၈၇) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းရှိပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

ရှင်မုတ္ထီးကျေးရွာတွင် အများအားဖြင့် လယ်ယာလုပ်ငန်းခွင်၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေးကြသူများနှင့် အလုမီနီယံ သံပန်းလုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ ကျား-မလုပ်အားနှိုင်းယှဉ်လျှင် ကျားလုပ်အားခ အနည်းငယ်ပိုများ နေသည်ကို တွေ့ရှိရပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် -ရှင်မုတ္တီး | | | ကျေးရွာအမည် - ရှင်မုတ္တီး | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | ပညာရေး | ကျောင်းအဆောက်အဦ ပရိဘောဂ၊သင်ထောက်ကူ | စာသင်ကျောင်းဆောင်(၁)ဆောင် ဆောက်လုပ်ပေးခြင်း။ သင်ထောက်ကူပစ္စည်း၊ ကျောင်းပရိဘောဂနှင့် အားကစားပစ္စည်းထောက်ပံ့ပေးခြင်း | |
| ၂ | ပညာရေး | ဆရာ၊ဆရာမ | ဆရာ၊ဆရာမများလုံလောက်စွာခန့်အပ်ပေးရန်။ | |
| ၃ | ပညာရေး | အစိုးရအသိမှတ်မပြု (အသက်မွေးပညာ) | အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်း၊(ဥပမာ–ဆိုင်ကယ်ပြင်၊ဖုန်းပြင်) | |
| ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | သဘာဝဘေးလျော့ချရေး | သဘာဝဘေးအန္တရာယ်လျော့ချခြင်း၊(မီးဘေး၊ရေဘေး၊လေဘေး) | |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်း(၃)မိုင်ကွန်ကရစ်ခင်းခြင်း၊ကွန်ကရစ်တံတားချဲ့ခြင်း(၁၀)ပေ | |
| ၆ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ချောင်းပိတ်၍ရေလှောင်ဆည်တည်ဆောက်ပေးခြင်း။ | |
| ၇ | မွေးမြူရေး၊ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | နည်းပညာ | မျိုးကောင်းမျိုးသန့်ရွေးချယ်နည်း၊အစာကျွေးနည်းစသည့်သင်တန်း၊ | |
| ၈ | စိုက်ပျိုးရေး | မြေ | စက်ကိရိယာဖြင့်စိုက်ပျိုးမြေများညှိခြင်း | |
| ၉ | စိုက်ပျိုးရေး | ရေ | ချောင်းကော၊မြောင်းကောတူးဖော်ပေးခြင်း | |
| ၁၀ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်တည်ငြိမ်မှုရှိစေရန်ထိန်းချုပ်ပေးခြင်း | |
| ၁၁ | ငွေကြေး | ဘဏ်နှင့်ပေါင်နှံ ရောင်းချခြင်း | ကာလရှည်စိုက်ပျိုးရေးချေးငွေရရှိခြင်း။ | |
| ၁၂ | ငွေကြေး | အသေးစား | အတိုးနှုန်းသက်သာစွာချေးငွေရရှိခြင်း။ | |
| ၁၃ | ကျန်းမာရေး | ကျန်းမာရေးဆေးပေးခန်း | ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဆေးဝါးလုံလောက်စွာရရှိခြင်း။ | |

| ကျေးရွာအုပ်စုအမည် -ရှင်မုတ္တီး | | | ကျေးရွာအမည် - ရှင်မုတ္တီး | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၄ | ကျန်းမာရေး | ကျန်းမာရေးဆေးပေးခန်း | ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကျင်းပခြင်း | |
| ၁၅ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အသိပညာပေးဟောပြောပွဲများကျင်းပခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း | |
| ၁၆ | လူငယ်နှင့်အားကစား | အားကစား | အားကစားကွင်းနှင့် အားကစားပစ္စည်းများထောက်ပံ့ပေးခြင်း | |

နောက်ဆက်တွဲ (၁)

## ရှင်မုတ္ထီးကျေးရွာ၊ ရှင်မုတ္ထီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်မျိုး | ဦးဘသိန်း | ၆/ထဝန (နိုင်) ၀၉၈၇၆၄ | ၄၅ | ဥက္ကဋ္ဌ | |
| ၂ | ဦးဝင်းရှိန် | ဦးစစ်ရှိ | ၆/ထဝန (နိုင်) ၀၆၅၄၈၈ | ၆၅ | ဘဏ္ဍာရေးမှူး | |
| ၃ | ဦးကျော်သူနိုင် | ဦးစံအေး | ၆/ထဝန (နိုင်) ၁၁၈၄၀၈ | ၆၁ | အတွင်းရေးမှူး | |
| ၄ | ဒေါ်ကေသီမြင့် | ဦးသန်းပို | ၆/ထဝန (နိုင်) ၀၉၈၇၂၁ | ၅၆ | စာရင်းစစ် | |
| ၅ | ဦးလင်းလင်းမောင် | ဦးဝင်းသိန်း | ၆/ထဝန (နိုင်) ၁၀၅၅၄၉ | ၅၁ | စာရင်းကိုင် | |
| ၆ | ဦးစိုးဝင်း | ဦးသီး | ၆/ထဝန (နိုင်) ၀၆၂၃၄၈ | ၂၈ | အဖွဲ့ဝင် | |
| ၇ | ဦးကျော်ငွေ | ဦးရုတ်အို | ၆/ထဝန (နိုင်) ၀၅၆၃၆၁ | ၆၁ | အဖွဲ့ဝင် | |
| ၈ | ဦးလှဝင်း | ဦးညဏ်သွင် | ၆/ထဝန (နိုင်) ၀၅၆၃၆၁ | ၄၅ | အဖွဲ့ဝင် | |
| ၉ | | | | | | |
| ၁၀ | | | | | | |
| ၁၁ | | | | | | |
| ၁၂ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၂ | ၁၁ | ၂၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၇၃ | ၃၉ | ၁၁၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၅ | ၄၄ | ၉၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၇ | ၇၆ | ၁၅၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၄၄ | ၆၁၆ | ၁၁၆၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၆၈ | ၁၁၈ | ၁၈၆ |
| စုစုပေါင်း | | ၈၂၉ | ၉၀၄ | ၁၇၃၃ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၅၆ | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ရှင်မုတ္ထီးကျေးရွာတွင် အိမ်ထောင်စု (၃၅၆) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၇၃၃) ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၈၇) ဦးရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၇% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ်အထက် လူဦးရေစုစုပေါင်း ၃၃% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၈၇) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းရှိပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၅ | ၁၁ | ၆ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ☐☐ | ☐☐ | ☐ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ☐ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ☐ | ☐ | ☐ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ☐ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ☐ | ☐ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၉ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၀ | ☐ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ☐ | ☐ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၆ | ☐ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၇ | ၇၅ | ၁၅ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | ☐ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ☐ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ☐ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ☐ | ☐ | ၁၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ☐ | ☐ | ၁၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ☐ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၆၅ | ၇၇ | ၅၉ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၃၅၂ | ၂၉၈ | ၁၂၁ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ရှင်မုတ္တီးကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၁၁၆၀) ဦးဖြစ်ပြီး ကျား (၅၄၄) ဦးနှင့် မ (၆၁၆) ဦး ရှိသောကြောင့် အမျိုးသမီး လုပ်သားအင်အားမှာ ရာခိုင်နှုန်း ပိုနေပါသည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း (လယ်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း) တွင် လုပ်ကိုင်ကြပါသည်။ ယခုအခါ လယ်ယာစိုက်ပျိုးရေးတွင် အနည်းငယ်မျှသာ လုပ်ကိုင်ကြပြီး ဥယျာဉ်ခြံကို အဓိကထား လုပ်ကိုင်နေကြပါသည်။ ကျေးရွာအတွင်း အလုပ်အကိုင်ရှားပါးမှုကြောင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေသူ အိမ်ထောင်စု (၆၅)စုရှိပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၃၀၀၀ | | ၂၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ်** ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။ ရှင်မုတ္ထီးကျေးရွာတွင် အများအားဖြင့် လယ်ယာလုပ်ငန်းခွင်၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေးကြသူများနှင့် အလှူမီနီယံ သံပန်းလုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ ကျား-မလုပ်အားနှိုင်းယှဉ်လျှင် ကျားလုပ်အားခ အနည်းငယ် ပိုများနေသည်ကို တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၄၄၁.၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၄၉.၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁၃ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၅၀၅ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ရှင်မုတ္တီးကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြေဆီလွှာအရည်အသွေး ညံ့လာသည်ကို တွေ့ရသည်။ စိုက်ပျိုးရန် မိုးရေကိုသာ အားထားနေရပါသည်။ ရေထွက် တမံ လိုအပ်နေပါသည်။ ကျေးရွာတွင် သာသနာ့နယ်မြေဧက (၅၀)ခန့် ရှိရာ လူနေအိမ်များ ဆောက်လုပ်ထားပါသည်။

## (၀-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ရှင်မုတ္တီးကျေးရွာတွင် သဘာဝအရင်းအမြစ်များ မရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိသော်လည်း လက်လှမ်းမီရန် ခက်ခဲပါသည်။ ဆေးဘက်ပင်များ အသင့်အတင့်ရှိပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၅၄ | ၁၇၄ | ၁၁၁ | ၁၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ရှင်မုတ္ထီးကျေးရွာ၏အခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ သိရှိခဲ့ရပါသည်။ အများအားဖြင့် အလယ်အလတ်ရှိသော အိမ်ထောင်စုနှင့် ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပြီး ကျေးရွာရှိ အိမ်ထောင်စု၏ (၈၀)ရာခိုင်နှုန်းရှိပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ (၅)ရာခိုင်နှုန်းသာ ရှိပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၃၈ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | ချေးယူ = ၉<br>လုပ်အားခကြိုယူ = |

**ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ရှင်မုတ္တီးကျေးရွာရှိ ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စု ပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု စုစုပေါင်း(၁၀၀)ရာခိုင်နှုန်းမှာ (၃ လနှင့် ၆ လအောက်) ချေးငှားပြီး ထမင်းပုံမှန်၊ နပ်မှန်အောင် စားသောက်ကြပါသည်။ ဆန်ရှားပါးမှုနှင့် ဆန်ဈေးကြီးမှုကြောင့် အခြား အစားအစာများကို ပြောင်းလဲ စားသုံးခြင်း၊ ထမင်းတစ်နပ်လျှော့စားခြင်း၊ တစ်ရက်လုံးလျှော့စားခြင်းများ မဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက်အရ လေ့လာတွေ့ရှိရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၄ | ၁၅ | ၁၉ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၄ | ၁ | ၅ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၉ | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ရှင်မုတ္တီးကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၆၀)နှစ်နှင့်အထက် စုစုပေါင်း(၁၉)ဦးရှိပါသည်။ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၆)စု၊ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု (၉)စုရှိပါသည်။ ကျေးရွာတွင် အရေးပေါ်ကိစ္စကြုံတွေ့ပါက ထိုအုပ်စုများသည် ထိခိုက် လွယ်သည့် အခြေအနေသို့ ရောက်နိုင်ပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | လျှော့ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စားနပ်ရိက္ခာမဖူလုံမှု၊ သဘာဝအရင်းအမြစ်ရှားပါးမှု၊ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုမှ လွဲ၍ ကျေးရွာတွင် အခြားထိခိုက်လွယ်မှု မရှိပါ။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လူငယ်များအနေဖြင့် မတော်တဆ ထိခိုက်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အမျိုးသမီးဦးဆောင်သောဆင်းရဲသည့်အိမ်ထောင်စုများ၊ လက်လုပ်လက်စား ကျပန်းလုပ်သားများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများသည် ထိခိုက်လွယ်သူများ ဖြစ်ကြသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
